# အကြံပေးလမ်းညွှန်ပေးခြင်း အစီအစဉ် ပြုလုပ်ပေးပါမည်။

## တနင်္လာ - သောကြာ အချိန်နာရီ ၉:၀၀ - ၁၄:၀၀

## ဒိန်းမတ်ဘာသာ နှင့်  အင်္ဂလိပ်ဘာသာ

## ၃၃ ၇၃ ၅၀ ၀၀

အောက်ပါ ဖုန်းနံပါတ်များဖြင့် အကြံပေးလမ်းညွှန်ပေးခြင်း
ပြုလုပ်ပေးပါမည်။  ဒိန်းမတ်စကားတင်မက ဒီဘာသာစကား များဖြင့်လည်း
အကြံပေးလမ်းညွှန်ပေးခြင်း ပြုလုပ်ပေးပါမည်။
ဘောစ်နီးယားဘာသာ/ ဆားဘစ်ဘာသာ/ ခရိုအေးတစ်ဘာသာ

## ၃၃ ၇၃ ဃ ၃၃

အာရဗီ နှင့် ခူအာရ်ဒစ်

၃၃ ၇၃ ဃ ၂၈

ဆိုမာလီးယား

၃၃ ၇၃ ဃ ၁၁

အူရ်ဒူ နှင့် ပန်ဂျာဘီ

၃၃ ၇၃ ဃ ၀၅

မွေးရပ်ဌာနေ တိုင်းပြည်ကို အပြီးပြန်ခြင်း နှင့်
ပတ်သက်သော ရပိုင်ခွင့် အခွင့်အရေးများကို ကိုယ်တိုင်မေးမြန်းပြီး
အကြံပြု လမ်းညွှန်မှု ကို ခံယူလိုလျှင် ကျွန်တော်တို့ အင်တာနက်စာမျက်နှာမှ
ကိုယ်ရေးအချက်အလက်များပုံစံ တွင် ဖြည့်စွတ်ရပါမည်။

www.atvendehjem.dk

ကျွန်ုပ်တို့ထံတွင်လည်း စာရေးနိုင်ပါသည်။

atvendehjem@drc.ngo

DANSK FLYGTNINGE HJÆLP

Burmesisk



# မွေးရပ်ဌာနေ တိုင်းပြည်ကို အပြီးပြန်ခြင်း နေရပ်ပြန်ရေးအကြောင်း ၂၀၂၂

ဒုက္ခသည်များ၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် နိုင်ငံသား နှစ်ခု င်ဆောင်ထားသူများ အတွက် ဆန္ဒအလျောက် မွေးရပ်ဌာနေ နေရပ်တိုင်းပြည်ကို အပြီးပြန်ခြင်းဆိုင်ရာ အချက်အလက်

DRC DANSK FLYGTNINGE HJÆLP

# နေရပ် နိုင်ငံ သို့ အပြီးပြန်ရန် စိတ်ကူးရှိလျှင်

ဒိန်းမတ်နိုင်ငံ၏ နိုင်ငံတွင်းရှိ ဒုက္ခသည်များ ကူညီပေးရေးဌာနမှ နိုင်ငံသားများအား မိမိနေရပ် နိုင်ငံ ကို ဖြစ်စေ၊ အရင် နေထိုင်ရာ နိုင်ငံဖြစ်စေ၊ နီးစပ်ရာ ဆွေမျိုးများ ရှိရာ အရပ် ဖြစ်စေ မိမိဆန္ဒအလျောက် ပြန်သွား ခြင်သူများ ကို အကြံပေးလမ်းညွှန်ပေးခြင်း ပြုလုပ်ပေးပါသည်။ ဒုက္ခသည်များ၊ ဒိန်းမတ်နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်သူများနှင့် နိုင်ငံသား နှစ်ခု ကိုင်ဆောင်ထားသူများ အတွက် နေရပ် နိုင်ငံ သို့ အပြီးပြန်ရန် စိတ်ကူးရှိလျှင် ငွေကြေးထောက်ပံ့မှုများကို ရရှိနိုင်သော အခွင့်အရေးများ ရှိပါသည်။ ထောက်ပံ့ကြေးငွေ ရရှိမှုသည် ဒိန်းမတ်နိုင်ငံသို့ ရောက်ရှိသည့် ခုနှစ်နှင့် မည်သည့် ခိုလှုံမှုခွင့်ပြုချက် ရရှိမှု အပေါ်တွင် မူတည်ပါသည်။

မွေးရပ်ဌာနေ တိုင်းပြည်ကို အပြီးပြန်ခြင်း နှင့် ပတ်သက်သော ရပိုင်ခွင့် အခွင့်အရေးများကို အကြံပြု လမ်းညွှန်မှု ကို ခံယူလိုလျှင် ကျွန်တော်တို့ အင်တာနက်စာမျက်နှာမှ ကိုယ်ရေးအချက်အလက်များပုံစံ တွင် ဖြည့်စွတ်ပြီး ပေးပို့ နိုင်ပါသည်။ www.atvendehjem.dk.

# ငွေကြေးဆိုင်ရာ အထောက်အပံ့

၂၀၂၂ ခုနှစ်မှ စပြီး အရွယ်ရောက်သူတစ်ယောက်အတွက် မိမိနေရပ် နိုင်ငံတွင် ဘ၁၀ အသစ် တည်ထောင်ရန် ထောက်ပံ့ငွေ ၁၄၆၆၃၉ ကရိုနာ kr. အထိ ရရှိနိုင်ပါတယ်။ အရွယ်မရောက်သေးသူ တစ်ယောက်အတွက် ၄၄၇၂၃ ကရိုနာ kr. အထိ ရရှိနိုင်ပါတယ်။

ထောက်ပံ့ငွေ ကို နှစ်ကြိမ် ခွဲပြီး ပေးပါမည် - ပထမအကြိမ် က စစပြန်သွား ချိန် ( အရွယ်ရောက်သူ တစ်ယောက်အတွက် ၅၈၆၅၅ ကရိုနာ kr. အထိ ရရှိနိုင်ပါတယ်။ အရွယ်မရောက် သေးသူ တစ်ယောက်အတွက် ၁၇၈၈၉ ကရိုနာ kr. အထိ ရရှိနိုင်ပါတယ်။) ဒုတိယအကြိမ် က တစ်နှစ် ကြာပြီးမှ ထောက်ပံ့ ပေးပါမည်။ ( အရွယ်ရောက်သူတစ်ယောက်အတွက်  ၈၇၈၉၄ ကရိုနာ kr. အထိ ရရှိနိုင်ပါတယ်။ အရွယ်မရောက် သေးသူတစ်ယောက်အတွက် ၂၆၈၃၄ ကရိုနာ kr.  အထိ ရရှိနိုင်ပါတယ်။)

DANSK FLYGTNINGE HJÆLP

# ထပ်ပြီး ရရှိမည့် အထောက်အပံ့ဆိုင်ရာ အခွင့်အရေးများ

- ခရီးစရိတ်
- ကိုယ်ပိုင် ပိုင်ဆိုင်မှုအတွက် ရွှေ့ပြောင်းစရိတ်(သို့မဟုတ်) ကိုယ်ပိုင် ပိုင်ဆိုင်မှုဝယ်ယူမှုအတွက် အသုံးစရိတ်
- အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကိရိယာတန်ဆာများ နှင့်တကွ ၎င်းတို့၏ သယ်ယူပို့ဆောင်စရိတ်
- ကျန်းမာရေး အာမခံ စရိတ် (သို့မဟုတ်) ၄ နှစ်စာ ကျန်းမာရေး ကုသမှုစရိတ်
- တစ်နှစ်စာ သုံးစွဲရန် ဆေးဝါး
- လိုအပ်သော အထောက်အပံ့ပစ္စည်း ကိရိယာများ
- ကလေးများ (အသက် ၅ နှစ် မှ ၁၆ နှစ် အထိ ) အတွက် ၄ နှစ်စာ ကျောင်းစရိတ်
- နိုင်ငံကူးခွင့်ရ ခရီးသွားစာရွက်စာတမ်း ရရှိရေးတွင် ကူညီပေးမည်။

# သင်သည် ၅၅ နှစ် ပြည့်ခဲ့သော်

နေရပ်ပြန်ချိန် တွင် သင်သည် ၅၅ နှစ် ပြည့်ခဲ့သော် ဒိန်းမတ်နိုင်ငံမှ ပုံသေ လစဉ် ထောက်ပံ့ကြေးငွေ ကို ရရှိနိုင်ပါသည်။

သင်သည် အသက် ၅၀ နှင့် ၅၄ နှစ် ကြားရှိခဲ့ အထူးအခြေအန အကြောင်းအရာ ပေါ်မူတည်၍ ပုံသေ လစဉ် ထောက်ပံ့ကြေးငွေ ကို ရရှိနိုင်ပါသည်။

လစဉ်ထောက်ပံ့ကြေးငွေသည် ၂၈၀၀ ကရိုနာ မှ ၃၆၀၀ ကရိုနာ ဖြစ်ပါသည်။

လစဉ်ထောက်ပံ့ကြေးငွေ ရရှိရန်အတွက် ဒိန်းမတ်နိုင်ငံတွင် အနည်းဆုံး ၅ နှစ် ခန့် နေထိုင်ခွင့်ရရှိခဲ့ဖူးသူ ဖြစ်ရပါမည်။

အကယ်၍ ဒိန်းမတ်နိုင်ငံ နှင့် သင့်မွေးရပ်မြေနိုင်ငံတို့အကြား အပြန်အလှန် သဘောတူညီချက် ရှိလျှင် သင့်ပင်စင်၏ တစ်စိတ်တစ်ပိုင်းကို သင်နှင့်အတူ ယူဆောင်သွားနိုင်ပါသည်။

DANSK FLYGTNINGE HJÆLP

# ပြန်လည် နောင်တရနိုင်သော အခွင့်

**ဒုက္ခသည်များသည်** နေရပ်ပြန်ရန် ချမှတ်ပြီး သော ဆုံးဖြတ်ချက်ကို ပြန်လည် နောင်တရ ငြင်းပယ်ခွင့် နှင့် ဒိန်းမတ်နိုင်ငံသို့ တစ်နှစ် အတွင်း ပြန်လည်၍ ပြန်လာခွင့် ရှိပါသည်။ ထိုသူတို့ အတွက် ဒိန်းမတ်နိုင်ငံ တွင် ခိုလှုံခွင့်ကို ပြန်လည် ရရှိ နိုင်သော်လည်း နေရပ်ပြန်ရေးထောက်ပံ့ငွေ ကို ပြန်လည် ဆပ်ပေးရမည် ဖြစ်ပါသည်။

**ပြောင်းရွှေ့နေထိုင်သူများသည်** နေရပ်သို့ ပြန်သွားလျှင်၊ ထောက်ပံ့ကြေးငွေ ရရှိပြီးဖြစ်လျှင် ဒိန်းမတ်နိုင်ငံသို့ ပြန်လာခွင့် မရှိတော့ပါ။ ထိုသူတို့အတွက် နေရပ်ပြန်ရန် ဆုံးဖြတ်ချက် သည် အဆုံးသတ်ဖြစ်ပြီး ဒိန်းမတ်နိုင်ငံတွင် သူတို့ နေထိုင်ခဲ့စဉ် ရရှိခဲ့သော အခွင့်အရေးများ ကို အပြီး အဆုံးသတ် နှုတ်ဆက်ခြင်း ဖြစ်ပါသည်။

**နိုင်ငံသား နှစ်ခု ကိုင်ဆောင်ထားသူများ** အတွက်မူ ဒိန်းမတ်နိုင်ငံကနေ မစွန့်ခွာခင် ဒိန်းမတ်နိုင်ငံသားဖြစ်ခြင်းကို တစ်စိတ်တစ်ပိုင်း စွန့်လွှတ်ရပါမည်။ ဒိန်းမတ်နိုင်ငံသားဖြစ်ခြင်းကို စွန့်လွှတ်ရန် ဆုံးဖြတ်ချက်ကို ပြန်လည် နှစ်နှစ် အတွင်း နောင်တရခွင့် ရှိပါသည်။ နေရပ်ပြန်ရေး နောင်တရခဲ့သည် ရှိသော် နေရပ်ပြန်ရေး ထောက်ပံ့ကြေးငွေပမာဏ အားလုံးကို ပြန်လည် ဆပ်ရပါမည်။

# အကယ်၍ ပိုမိုသိရှိလိုလျှင်

သင်သည် နေရပ်ပြန်ရန် စိတ်ကူးရှိခဲ့သော် ကျွန်ုပ်တို့၏ အင်တာနက်စာမျက်နှာတွင် ရှိသော ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင် တွေ့ဆုံ ပြောဆိုဆွေးနွေးခြင်းဖြင့် သင်၏ အခွင့်အလမ်းများ နှင့် အခွင်အရေးများကို သေချာစွာ ရှင်းပြပေးမည်ဖြစ်ပြီး သင်သည် ထိုအချက်အလက်များကြားပြီးမှ ဆုံးဖြတ်ချက်ချက် နိုင်ပါမည်။ တွေ့ဆုံ ပြောဆိုဆွေးနွေးခြင်းအတွက် သင်သည် လိုအပ်လျှင် ဘာသာပြန်ကိုလည်း ကျွန်ုပ်တို့ က ခေါ်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့၏ တာဝန်သည် သင့်အတွက် ဆုံးဖြတ်ချက်ချရာတွင် လိုအပ်သော သတင်းအချက်အလက်များကို ပေးနိုင်ရန် ဖြစ်ပါသည်။